# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လွိုင်ကော်-ရှားတောမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ပျားကနဲကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၂ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၃ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၄ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၁၉ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၀ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၁ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၈ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၇ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၈ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၀ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၁ |

# လွိုင်ကော်မြို့နယ်မြေပုံ


လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြုရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြဲစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-**ပျားကန်** ရက်စွဲ **၂၇.၉.၂၀၁၉**

**၁။ ကျေးရွာသမိုင်းအကြောင်း**

ပျားကန်ကျေးရွာရှိ ရွာသူရွာသားများသည် ယခင်ကဒီးမော့ဆိုမြို့နယ်၊ ဂါဘန်းဘလို ကျေးရွာတွင်နေထိုင်ခဲ့ကြသည်၊ ထိုအရပ်တွင်အလုပ်အကိုင်နှင့် မြေယာရှားပါးမှုကြောင့် ထီးဒြပယ်ကျေးရွာ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်၊ ထိုကျေးရွာတွင်နှစ်စဉ်နှစ်တိုင်း မီးလောင်မှုဖြစ်ပွား ခဲ့သဖြင့်တဖန်ဒေါတလျာဒဲ့ကျေးရွာသို့ ထပ်မံပြောင်းရွှေ့ခဲ့ရပါသည်။ ထိုသို့ ဒေါကလျာဒဲ့ကျေးရွာ တွင်လည်း (၇၂)တပ်ရင်းတည်ထောင်ရန် အမိန့်ကျလာသည့်အတွက် လောပိတကျေးရွာအုပ်စုတွင် ပျားကန်ကျေးရွာအဖြစ် ရွာသစ်တည်ထောင်ကာ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

ပျားကန်ကျေးရွာသည် နယ်မြေအခြေအနေအရ လောပိတကျေးရွာအုပ်စုမှ ၁၉၉၀ ခုနှစ်၊ မေလ(၂၇)ရက်နေ့ တွင်နွားလပိုးကျေးရွာအုပ်စု ဥက္ကဌ ဦးဖြေရယ် ၊အတွင်းရေးမှူး ဦးကိုရယ် နှင့် တာဝန်ရှိသူများ၏စီမံဆောင်ရွက်မှုဖြင့်ပြောင်းရွှေ့ဝင်ရောက်လာသောရွာရှောင်ကျေးရွာဖြစ်ပါသည်။

စတင်ပြောင်းရွှေ့လာစဉ်က လူဦးရေအတော်အသင့်များပြားသော်လည်း နယ်မြေ အသစ်သို့ပြောင်းရွှေ့လာရခြင်းဖြစ်လာရခြင်းဖြစ်သောကြောင့် လုပ်ကိုင်စားသောက်ရန် မြေရှာဖွေရာ တွင်အခက်အခဲရှိသဖြင့် အချို့မှာ အခြားဒေသများသို့ ထပ်မံပြောင်းရွှေ့၍သွားကြပါသည်။ လက်ရှိ ပျားကန်ကျေးရွာ၏ လူဦးရေစာရင်းမှာ ကျား(၇၀)ဦး ၊မ(၇၁)ဦး ၊ စုစုပေါင်း(၁၄၁)ဦး ရှိပါသည်။

ပျားကန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်သော်လည်း ကိုယ်ပိုင် စိုက်ပျိုးမြေများမရှိသဖြင့် အနီးအနားရှိ ကျေးရွာ၏တောင်ယာများကို လုပ်အားအငှားလိုက်ရခြင်းသော်လည်းကောင်း၊ စိုက်ပျိုးမြေငှားရမ်းရခြင်းသော် လည်းကောင်း လုပ်ကိုင်ကြပါသည်၊ အချို့မှာတစ်နေ့လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်၊ အထူးသဖြင့် လူငယ်များသည် အခြားမြို့နယ်သို့လည်းကောင်း၊ နိုင်ငံရပ်ခြားသို့လည်းကောင်း အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ပျားကန်ကျေးရွာအတွင်း ကျန်းမာရေးကော်မတီ ဖွဲ့စည်းထားရှိပါသည်။ အခါအားလျော်စွာ သွေးစစ်ခြင်း(ငှက်ဖျား/ဆီးချို/သွေးချို)ပြုလုပ်ပေးပါသည်။ ၂၀၁၀ ခုနှစ်တွင် ကျေးရွာများကိုယ်ထူကိုယ်ထ အစီအစဥ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသကြပါသည်။ ယခုလက်ရှိပျားကန်ကျေးရွာတွင် အိမ်ခြေ (၂၄)အိမ်ရှိပြီး ကယား၊ ကယန်း၊ ကရင်၊ ကယော၊ ဂေဘား စသော လူမျိုးများ နေထိုင်ကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခရစ္စတင်းလုဒ်ငယ်


ရာထူး- လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၇.၉.၂၀၁၉ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၁၀ | ၁၃ | ၂၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်း၊ရေကန်သစ်တောများ |
| ၂။ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၂၇.၉.၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၁၀ | ၁၃ | ၂၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအ တွက်အခြေခံ စံနှုန်း များ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၇.၉.၂၀၁၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၀ | ၁၃ | ၂၃ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့်ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၇.၉.၂၀၁၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၀ | ၁၃ | ၂၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၂၇.၉.၂၀၁၉ | အမျိုးသမီး၊အမျိုးသားများ | ၁၀ | ၁၃ | ၂၃ | အမျိုးသမီး၊အမျိုးသားများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၇.၉.၂၀၁၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်ဖွဲ့ | ၁၀ | ၁၃ | ၂၃ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-**လွိုင်ကော်**ကျေးရွာအုပ်စု-**နွားလပိုး**ကျေးရွာ-**ပျားကန်**ရက်စွဲ -၂၇.၉.၂၀၁၉



**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၀

မ - ၁၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ပျားကန်ကျေးရွာတွင် အိမ်ခြေ (၂၄) အိမ် ရှိပြီး ကယား၊ကယန်း၊ကရင်၊ကယော၊ဂေဘား စသော လူမျိုးများနေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သောကျေးရွာဖြစ်ပါသည်။ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိက လုပ်ကိုင် ပြီး အသက်မွေးကြသောကျေးရွာဖြစ်ပါသည်။ တောင်ယာများတွင် ပြောင်း၊ပဲစဉ်းငုံတို့ကို အဓိကစိုက်ပျိုးပြီးပဲအမျိုးမျိုး၊ ဖရုံသီး၊ သခွားသီးစသည့်တို့ကို အိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုး ကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအမှီပြုမိသားစု၏စားဝတ်နေရေး ပြဿနာကို ဖြေရှင်းကြရပါသည်။ပဲစဉ်းငုံနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ ပျားကန်ကျေးရွာရှိ ရွာသူ၊ရွာသား များသည် စိုက်ပျိုး ရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်သော်လည်း ကိုယ်ပိုင် စိုက်ပျိုးမြေများမရှိသဖြင့် အနီးအနားရှိ ကျေးရွာ၏တောင်ယာများကို လုပ်အားအငှား လိုက်ရခြင်းသော်လည်းကောင်း ၊ စိုက်ပျိုး မြေငှား ရမ်း ရခြင်းသော်လည်းကောင်း လုပ်ကိုင်ကြပါသည်၊ အချို့မှာ တစ်နေ့လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက်၊ ဝက်မွေးမြူးခြင်း ၊ ခြံအဌားလိုက်ရှင်းလင်းခြင်းဖြင့် ဝင်ငွေ ရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

ပျားကန်ကျေးရွာတွင် စာသင်ကျောင်းများ ဆေးပေးခန်းများမရှိပါ။ ကလေးများသည် ရွာအနီးရှိ ထီးသူးကူးအလယ်တန်းစာသင် ကျောင်းတွင်ပညာသင်ယူကြပါသည်။ အထက်တန်းပညာရပ်များကို နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူကြရပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲများရှိပါကကိုယ်ဝန် ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် သွားရောက်ဆေးကုသမှုခံယူကြပြီး အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော် ဆေးရုံကြီးတွင်သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေနည်းသော်လည်း ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ်-**လှိုင်ဘော်**　　ကျေးရွာအုပ်စု-**နွားလပိုး**　ကျေးရွာ-**ပျားကနဲ**　ရက်စွဲ၂၇.၉.၂၀၁၉

| **အမျိုးအစား** | **သတ်မှတ်ချက်/ညွှန်းကိန်းများ** | **အိမ်ထောင်စု အရေအတွက်** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ချမ်းသာ | ထော်လော်ဂျီ၊ ဆိုင်ကယ်၊ ကိုင်းရှည်ထွန်စက်၊ ဖုန်း၊စက်ဘီး၊နွားလှည်း၊ နွား(၄) ကောင်၊ တိုက်အိမ် ၊ဖုန်း၊ တီဗီ၊တောင်ယာ (၂၀)ကေ ပန်းရံ၊လက်သမား | ၅ | ၂၀.၉ % |
| အလယ်အလတ် | ဆိုင်ကယ် ၊ စက်ဘီး၊နွား (၂)ကောင်၊တီဗီ၊ ပျဉ်ထောင်အိမ်၊ဖုန်း၊ တောင်ယာ (၁၅)ကေ၊ ပန်းရံ၊လက်သမား | ၁၄ | ၅၈.၂% |
| ဆင်းရဲ/နွမ်းပါး | ဝါးထန်ရံအိမ်၊စက်ဘီး၊ဆိုင်ကယ်၊ ဖုန်း၊ နေ့စားလုပ်သား ၊နွား (၂)ကောင် ၊တောင်ယာ (၈)ကေ | ၅ | ၂၀.၉ % |
| | **စုစုပေါင်း** | **၂၄** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ -**

ကျား -　၁၀

မ　-　၁၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး







# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ပျားကန်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်၊ အိမ်ခြေနှင့်အိမ်ထောင်စုအရေအတွက်(၂၄)အိမ်ရှိသည့်အနက် အိမ်ခြေ(၅)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၁၄)မှာအလယ်အလတ်အဆင့်တွင်ရှိပြီးအိမ်ခြေ(၅)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၅) အိမ်မှာ ထော်လော်ဂျီ၊ ဆိုင်ကယ်၊ ကိုင်းရှည်ထွန်စက်၊ ဖုန်း၊စက်ဘီး၊နွားလှည်း၊ နွား(၄) ကောင်၊ ဖုန်း၊တီဗီ၊ တောင်ယာ (၂၀)ကေ၊ ပန်းရံ၊ လက်သမား လုပ်ငန်းကျွမ်းကျင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်ဖြင့်နေထိုင် ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁၄) အိမ်တွင် ဆိုင်ကယ်၊ စက်ဘီး၊ နွား (၂)ကောင်၊ တီဗီ၊ ဖုန်း၊ တောင်ယာ(၁၅)ကေ၊ ပန်းရံ၊ လက်သမား ကျွမ်းကျင်သူများဖြစ်ပြီး နေအိမ်အနေအထားမှာ ပျဉ်ထောင်အိမ်နှင့် သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စား၀တ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၅) အိမ်မှာ စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ ၊နွား (၂)ကောင် ၊တောင်ယာ (၈)ကေနှင့် နေ့စားလုပ်သားများဖြစ်ပြီး နေအိမ်အနေအထားမှာ ဂါးထန်းရံအိမ်ဖြင့်သာနေ ထိုင်ကြပါသည်။ ဤအဆင့်တွင်ရှိသော အချို့မိသားစု မှာလည်းတောင် ယာပိုင်ဆိုင်မှုမရှိသောသူမိသားစုများလည်းရှိပါသည်။

မိုးခေါင်ရေရှားပြီး ရာသီဥတု ဖောက်ပြန်သောနှစ်တွင် စိုက်ပျိုးသီးနှံပျက်စီးခြင်း၊ အထွက်နည်းခြင်းကြောင့် တောင်ယာကေအနည်းငယ်သာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စား၀တ်နေရေးအခက်အခဲများကြုံတွေ့ကြရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရပြီး နောက်နှစ်သီးနှံ ပေါ်ချိန်မှသာအကြွေးများပြန်လည် ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စား၀တ်နေရေးအဆင်ပြေပြီးမိသားစုအတွက် တစ်နှစ်တာ စား၀တ်နေရေးအတွက် လုံလောက်မှု ရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | ပြောင်းစိုက်၊ပဲစဉ်းငုံစိုက်ခြင်း | | | ပေါင်းလိုက်၊ပြောင်းရိတ်သိမ်း | | | | | ပဲစဉ်းငုံရုံး | |
| ဝင်ငွေ | | | | | | | | $$ | $$ | $$ | $$ | |
| ထွက်ငွေ | $ | $$ | $ | | | | $$ | | | | $ | $ |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | | | တုတ်ကွေး<br>နာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | | | | | | | | | ခရစ္စမတ်ပွဲ | နှစ်သစ်ကူးပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါများခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၀

မ -၁၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခရစ္စတင်းလှဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ပျားကနဲကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံမှာ ပြောင်း နှင့် ပဲစဉ်းငုံဖြစ်ပြီး ပဲအမျိုးမျိုး၊ ဖရုံသီး၊ သခွားသီးတို့ကိုလည်းအိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ဇွန်လ၊ ဇူလိုင်လတွင်ပြောင်း နှင့်ပဲစဉ်းငုံ စတင်စိုက်ပျိုးကြပြီး ပြောင်းကို နိုဝင်ဘာလတွင်ရိုးပြီးဖေဖော်ဝါရီလတွင် ပဲစဉ်းငုံများရိုးကြပါသည်။

ဝင်ငွေများအနေဖြင့် ပြောင်း နှင့် ပဲစဉ်းငုံ ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော နိုဝင်ဘာလမှ ဖေဖော်ရီလ တွင်ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများ အနေဖြင့်စိုက်ပျိုးချိန်အတွက်မြေသြဇာများ ၊ မျိုးစေ့များဝယ် ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လများတွင် ဝမ်းပျက်ဝမ်းလျော့အဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နှာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။

ပျားကနဲကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ခရစ္စမတ်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲ စသည့်တို့ကို အဓိက ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင်ရေတွင်း ရေခမ်းသောကြောင့် သောက်သုံးရေရှားပါးသောကာလဖြစ်ပါသည်။ သို့သော်လည်း ပျားကနဲကျေးရွာအတွက် ကျေးလက်ဦးစီးမှ ရေလှောင်ကန်တည်ဆောက်ပေးသောကြောင့် နွေရာသီတွင် သောက်သုံးရေ အဆင်ပြေလာခဲ့ရပါသည်။ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလများတွင် သီးနှံများရိတ်သိမ်းပြီးသော အချိန် ဖြစ်သောကြောင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အချို့သောသူများမှာ နေ့စားပန်းရံ ၊ လက်သမား၊ ခဲကျင်း၊ အလုပ်များသွားရောက်လုပ်ကိုင်ခြင်းဖြင့် ကျေးရွာတွင်အမျိုးသားများက မိသားစု ဝင်ငွေရရှိစေရန် ပိုမိုအလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာပိုမို အချိန်ကုန်ကြသောကြောင့် ဝင်ငွေရရှိမှုနည်းပါသည်။ ထို့ကြောင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ ထို့သို့လုံလောက်မှုမရှိသောကြောင့် ချေးငှားရပြီး သီးနှံထွက်သောအချိန်မှသာ အတိုးနှင့် ပြန်လည် ဆပ်ကြရပါသည်။ ထိုနည်းဖြင့်မိသားစုစားဝတ်နေရေးကို အဆင်ပြေစေရန် ဖြေရှင်းခဲ့ကြ ပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ခြင်းကွင်း | ကြက်၊ဝက်မွေးမြူခြင်း | ဆိုင်ကယ် |
| ထော်လော်ဂျီ | အိမ်တွင်းမှု | တောင်ယာ |
| ထွန်စက်ကိုင်းရှည် | | လမ်း၊ရေတွင်း |
| ကား | | ဘုရားကျောင်း |
| ကွန်ပျူတာ | | ဖုန်း |
| | | လှောင်ကန် |
| | | နွား၊နွားလှည်း |
| | | တီဗီ |

# အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား


| ကျား | မ | ကျား + မ |
|---|---|---|
| ခြင်းကွင်း | ကြက်၊ဝက်မွေးမြူခြင်း | ဆိုင်ကယ် |
| ထွန်စက်ကိုင်းရှည် | အိမ်တွင်းမှု | တောင်ယာ |
| ထော်လော်ဂျီ | | တီဗီ |
| နွား၊နွားလှည်း | | လမ်း၊ရေတွင်း |
| ကား | | ဘုရားကျောင်း |
| ကွန်ပျူတာ | | ဖုန်း |
| | | ရေလှောင်ကန် |

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ပျားကနဲကျေးရွာရှိ အမျိုးသားများသည် စက်ပစ္စည်းများဖြစ်သော ထွန်စက်ကိုင်းရှည်၊ထော်လော်ဂျီ၊ ဆိုင်ကယ် စသည့်တို့ကို အမျိုးသားများကသုံးစွဲပြီး အမျိုးသားများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ထို့သို့ အမျိုးသားများသာ ထိန်းချုပ်သုံးစွဲရခြင်းမှာ အမျိုးသားများသည် စက်ပစ္စည်းနှင့် ပတ်သက်ပြီး ပိုမိုနားလည်ပြီး ပြုပြင်တတ်သော ကြောင့်ဖြစ်သည်။ စက်ပစ္စည်း နှင့် ပတ်သက်ပြီးရောင်းဝယ်ရာတွင် အမျိုးသားများပိုမိုနားလည်သော ကြောင့် အမျိုးသားများ ကသာဆုံးဖြတ်ကြပါသည်။ အမျိုးသမီးများသည် ကြက် ၊ ဝက် မွေးမြူရေး၊ စသည့်တို့ကို သုံးစွဲပြီး အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ကျေးရွာရှိ အမျိုးသားများသည် လက်သမား၊ ပန်း ရံ ကျွမ်းကျင် သောသူများရှိပါသည်။ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊ လယ်ယာ၊ အိမ်၊ ဘုရားကျောင်း၊ရေလှောင်ကန် ၊နွား၊နွားလှည်း စသည့်တို့ကို အမျိုးသား နှင့် အမျိုးသမီးအတူတကွ သုံးစွဲပြီး အတူတကွထိန်း ချုပ် ဆုံးဖြတ်ကြပါသည်။ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများကို အမျိုးသမီးများကသာထိန်းချုပ်သည်သာမက ကြက်၊ဝက် ရောင်းဝယ်ရာတွင် လည်း အမျိုးသမီးများကသာဆုံးဖြတ်ဆောင်ရွက်ကြပါသည်။ ပြောင်းနှင့်ပဲစဉ်းငုံ ရောင်းဝယ်ရာ တွင် အမျိုးသားများမှသာ ဦးဆောင်ပြီးဆုံးဖြတ်ကြပါသည်။ ထိုသို့ဆုံးဖြတ်ရခြင်းမှာ အမျိုးသားများသည် ဈေးနှုန်း အခြေ အနေ နှင့် ရောင်းချ ရမည့် နေရာများပိုမိုသိရှိကျွမ်းဝင်သောကြောင့်ဖြစ်ပါသည်။ ပိုင်ဆိုင်မှုအများစုကို အမျိုးသားနှင့် အမျိုးသမီး အတူတကွ သုံးစွဲထိန်းချုပ်ကြပါသည်။ ဆုံးဖြတ်ချက်ချရာတွင်လည်း အတူတကွ တိုင်ပင်ဆုံး ဖြတ်ကြ ပါသည်။ ကျေး ရွာရှိ အိမ်ထောင်စုများသည် အမျိုးသားဦးဆောင်သော အိမ်ထောင်စုများရှိ သကဲ့သို့ အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စုများလည်းရှိပါသည်၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များ သည် လည်း တောင်ယာ လုပ်ငန်း များဖြင့် သာအသက်မွေးဝမ်းကြောင်းပြုကြပါသည်၊ ကျေးရွာရှိ အမျိုးသမီးများအချို့သည် ပြောရဲဆိုရဲမရှိခြင်းနှင့် ဆုံးဖြတ်ချက် ချရာများတွင်အားနည်းနေပါသည်။ အမျိုးသမီးများကို ပိုမိုဦးစားပေး လက်တွဲ ခေါ်ခြင်းဖြင့် ကျေးရွာ၏လုပ်ငန်းများတွင်ပိုပြီး ပူးပေါင်းပါဝင်လာပြီး ပြောရဲဆိုရဲရှိလာမည်ဖြစ်သည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ

ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ



ပါဝင်ဆွေးနွေးသူ

ကျား- ၁၀

မ- ၁၃

မှတ်တမ်းတင်သူ

အမည် - [illegible]


ရာထူး - [illegible]

# ပင့်ကူအိမ် သုံးသပ်ချက်

ပျားကန်ကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် မိသားစု၏ ကျန်းမာရေးကိစ္စများနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများတွင် အမျိုးသားများထက် အားနည်းသောကြောင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများနှင့်သာပိုမို အချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှုနည်းပါးကြပါသည်။ ထို့သို့ ဝင်ငွေရရှိခြင်း နည်းသောကြောင့် အမျိုးသမီးများသည် ခြံအငှားလိုက်ရှင်းလင်းခြင်း လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတန်းတူရရှိကြပါသည်။ သို့သော် အလုပ်လုပ်ရန် အမျိုးသမီးများ အခွင့်အရေးနည်းပါးလျက်ရှိပါသည်။ အတတ်ပညာ များလည်း အမျိုးသားများကဲ့သို့ မတတ်ကျွမ်းကြသဖြင့် လုပ်အားခ များများရသော ကျွမ်းကျင် အဆင့်များမလုပ်နိုင်ကြပဲ ရိုးရိုး လုပ်သားများအဖြင့်သာ လုပ်ကိုင်နိုင်ကြပါသည်။ ပျားကန် ကျေးရွာတွင် ရှေးရိုးစွဲအယူအဆကြောင့် အမွေရပိုင်ခွင့်တွင် အမျိုးသမီးများသည် အမွေ ရရှိခြင်းမရှိဘဲ အမျိုးသားသည်အမွေရပိုင်ခွင့်ရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့် လူမှုရေးနှင့်ဘာသာရေးများတွင်အမျိုးသားနှင့် အမျိုးသမီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြ ပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာ ပြောရဲဆိုရဲမှု အားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှု နှင့်ဆုံးဖြတ်ချက်ချရာတွင်အားနည်းနေကြပါသည်။ အမျိုးသမီးများကို အသိပညာပေး ဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ဆုံးဖြတ်ချက်များချနိုင်စေရန် နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)

အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၁၀

မ- ၁၃

မှတ်တမ်းတင်သူ

အမည် - [illegible]

ရာထူး - [illegible]

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

ပျားကန်ကျေးရွာတွင် ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် ရာအိမ်မှူး၊ လူငယ်အဖွဲ့ ၊ အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့၊ ဘာသာရေးအဖွဲ့၊မီးကော်မတီ၊ cddကော်မတီ၊ သမငွေစုအဖွဲ့ စသည့်အဖွဲ့အစည်းများ ရှိပါသည် ။ထိုအဖွဲ့များအားလုံးသည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် အတူတကွချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည် ။ကျေးရွာရှိ အဖွဲ့အ စည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။

CDD အဖွဲ့သည် ကျေးရွာတွင် ကော်မတီများဖွဲ့ပြီး ထိုကော်မတီများ ကို သင်တန်းများ ပေးခြင်းနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဦးစီးဌာနသည် ကျေးရွာတွင်ရေ လုံလောက်မှုရရှိစေရန် ရေသွယ်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ပေးခြင်းဖြင့် ကျေးရွာ လူထုရေလုံလောက်မှုရရှိစေရန်ဆောင်ရွက်ပေးပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ**

၁။ ဦးယိုရှ

၂။ ဒေါ်ရှားမြာ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးဖဲကီ

၂။ ဒေါ်လာစီ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးစိုးရယ်

၂။ ဒေါ်မေဖော

**ဝယ်ယူရေးကော်မတီ**

၁။ ဦးဆာကပေါ်

၂။ ဒေါ်ချူးမေသော

**စေတနာ့ဝန်ထမ်း**

၁။ ဦးသာအေး

၂။ ဒေါ်နဲမူ

**ဗန်အကြံပြုတိုင်ကြားချက်ဖြေရှ ရေးကော်မတီ**

၁။ ဦးဘသောင်း

၂။ ဒေါ်အယ်ဂေရွှေ

**ငွေစာရင်းကိုင်**

၁။ ဦးဘယ်လာထွေး

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၀


မ- ၁၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၈

မ- ၁၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး-လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီ အဖွဲ့ဝင်များ

| စဉ် | ကျေးရွာအမည် | ကော်မတီဝင်အမည် | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ထေးပလော်ခူ | ဦးဖရေရယ် | ဒေါ်ထွေးမြာ |
| ၂ | မြေနီကုန်း | အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်မာရီစလင်း |
| ၃ | ပျားကနဲ | ဦးယိုရှု | ဒေါ်နော်ထူးစေး |
| ၄ | ထီးသူးကူး | အုပ်စုစီထောက် | ဒေါ်မာရီ |
| ၅ | (၃)မိုင်ပကြဲ | ဦးပေါလူ | ဒေါ်ငါးမြာဝင်း |
| ၆ | မော်ချီးစုစည်း | ဦးယောဟန် | အုပ်စုစာရင်းကိုင် |
| ၇ | လင်ဖုံအောက် | ဦးမြင့်နိုင် | ဒေါ်နန်းငဲမူ |
| ၈ | လင်ဖုံထက် | ဦးခွန်ကြူး | ဒေါ်နန်းခမ်းကျော် |
| ၉ | ဒေါခေါ်ခူ | ဦးငါးရယ် | ညေးမြာ |
| ၁၀ | ကယန်းကြခူ | အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်ဘဲမယ် |
| ၁၁ | ပဒါးညေး | ဦးပန်းစိန် | ဒေါ်ခင်စိန် |
| ၁၂ | လယ်ထွဲရွာသစ် | ဦးတီးခွန် | ဒေါ်ရွှေကြာ |
| ၁၃ | လယ်ထွဲရွာဟောင်း | ဦးမောင်ငယ် | ဒေါ်ပန်းငွေ |
| ၁၄ | နွားလပိုးစံပြ | ဦးဘဲရယ် | ဒေါ်ဘယ်ရောနီကာ |
| ၁၅ | နွားလပိုးရွာမ | ဦးကျော်မင်းသိုက် | ဒေါ်ညိုညိုစန်း |
| ၁၆ | ကယန်းသာယာတောင် | ဦးဒါးဝီ | အုပ်စုစီထောက် |
| ၁၇ | ထီရီ | ဦးမောင်ဦး | ဒေါ်လှဝင်းကြည် |
| ၁၈ | ကယန်းသာယာမြောက် | ဦးမီးနို | ဒေါ်ရှသာ |
| ၁၉ | အောင်သပြေကုန်း | ဦးနေထိုင်း | ဒေါ်စီးကာ |
| ၂၀ | ကျောက်ကြီးတောင် | ဦးသန်းထွန်းလင်း | ဒေါ်ပြုံးရှင် |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး မိုးရှယ် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09 - 777597194 | လူထုစည်းရုံးရေးမှူး၏အမည်<br>- ဒေါ်ခရစ္စတာ[illegible] | |
| ပြည်နယ်၊~~တိုင်းဒေသကြီး~~ ၊<br>ကယား | မြို့နယ်<br>လွိုင်ကော် | ကျေးရွာအုပ်စု<br>- နွားလပို | ကျေးရွာ<br>- ပျားကန် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ကရင်-- | ၃ | ဘာသာ(၁)-ခရစ်ယာန် | ၂၄ |
| လူမျိုးစု (၂)-ကယန်း | ၄ | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)ဂေဘား | ၁ | ဘာသာ(၃)------------ | |
| (၄) ပရဲကလော<br>(၅) ကယား | ၂<br>၁၄ | | |
| လူမျိုးစုရော------------- | | ဘာသာရော------------ | |
| အခြား | | | |

| | |
|---|---|
| | အရေအတွက် |
| မသန်စွမ်းသူများ | - |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၇၁ | ၇၀ | ၁၄၁ |
| လူမျိုးစု (၁)-ကရင်- | ၈ | ၇ | ၁၅ |
| လူမျိုးစု (၂)ကယန်း | ၁၂ | ၁၉ | ၃၁ |
| လူမျိုးစု (၃)ဂေဘား | ၃ | ၄ | ၇ |
| (၄) ပရဲကလော | ၅ | ၅ | ၁၀ |
| ~~အခြား~~ (၅) ကယား | ၄၂ | ၃၅ | ၇၇ |
| အိမ်ထောင်ဦးစီး | ၂၀ | ၄ | ၂၄ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (မရှိပါ circled)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှဌင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၃---/မသိပါ

(၂) ဤကျေးရွာမှ ဌင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်၀၀း၁၅---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ (မော်တော်ဆိုင်ကယ် circled)

အခြား -------------------

မိုးရာသီတွင်ကြာချိန်------၀၀း၁၅---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ (မော်တော်ဆိုင်ကယ် circled)

အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။ မရှိပါ .

(၁) ----------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးအိုး၊ ဂုဏ် — လက်မှတ် [signature] — နေ့စွဲ ၂၅.၉.၂၀၁၉

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခရစ္စတာင်းလှသိမ်း — လက်မှတ် [signature] — နေ့စွဲ ၂၄.၉.၂၀၁၉

## ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | | | | | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်ခရစ္စတင်းလှသင်ယင်၊ ဒေါ်ကဲဖြိုးဟန် | | | | | | | | | |
| နေ့စွဲ | | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် - ဖရူဆို | | ကျေးရွာအုပ်စု - ဒွားလဒိုး | | ကျေးရွာ - ပျားကာဲ | | | |
| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေ အတွက်နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၉.၁၉ | ၂၃.၉.၁၉ | ၅၀ | ၁၃ | ၂၃ | က မ ပ<br>၄ ၁ ၅ ကယန်း<br>၅ ၈ ၁၃ ကယား | ၂၄ | ၉၅.၈% | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၉.၁၉ | ၂၃.၉.၁၉ | ၅၀ | ၁၃ | ၂၃ | ၁ ၃ ၄ ကယန်း<br>- ၁ ၁ ကရင်<br>၂၀ ၁၃ ၂၃ | ၂၄ | ၉၅.၈% | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဖြတ်ချက်ချသည့်အစည်းအဝေး | ၄.၁၁.၁၉ | ၄.၁၁.၁၉ | ၄၄ | ၃၂ | ၇၆ | ပအိုဝ်း ၂၀ ကယား ၃၄<br>ကယန်း ၇ ရှမ်း - ၁<br>ဗမာ ၁၀ ကယော-၁<br>ကရင် ၃ | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | ၁၁.၁၂.၁၉ | ၁၁.၁၂.၁၉ | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့်အကောင် အထည်ဖေါ်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | ၁၄.၁၂.၂၀၁၉ | ၁၄.၁၂.၂၀၁၉ | ၇ | ၁၄ | ၂၁ | က မ ပ<br>၅ ၁၀ ၁၅ ကယား<br>- ၁ ၁ ကရင်<br>၁ - ၁ ကယော<br>၁ ၃ ၄ ကယန်း<br>၇ ၁၄ ၂၁ | | | |

27

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး<br>၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | မလို<br>၁၄.၁.၂၀၂၂ | မလို<br>၁၄.၁၂၉၀ | မလို<br>၇ | မလို<br>၁၄ | မလို<br>၂၁ | မလို<br>၈ ၆ ၀<br>၅ ၁၀ ၁၅ ကယား<br>- ၁ ၁ ကရင်<br>၁ - ၁ ကသယာ<br>၁ ၃ ၄ ကယန်း<br>၇ ၁၄ ၂၁ | မလို<br>၂၄ | မလို |
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၄.၁.၂၀၂၀ | ၁၄.၁.၂၀၂၀ | ၇ | ၁၄ | ၂၁ | \| | ၂၄ | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၄.၁.၂၀၂၀ | ၁၄.၁.၂၀၂၀ | ၇ | ၁၄ | ၂၁ | \| | ၂၄ | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၄.၁.၂၀၂၀ | ၁၄.၁.၂၀၂၀ | ၇ | ၁၄ | ၂၁ | \| | ၂၄ | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ် | မလို | မလို | မလို | မလို | မလို | မလို<br>\| | မလို | မလို |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| | | |

# ပထမနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးဦးစားပေး အစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | |
|---|---|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ဇော်ထူးထူးအောင် | | |
| နေ့စွဲ ၁၃.၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ■ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ်ရုံးကော် ကျေးရွာအုပ်စု ဘွားလရိုး | ကျေးရွာ ဖျားကန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင် အတည်တကျ စနစ်ကျသည့် အတွက် ရပ်ဝေးသို့ အလုပ်သွားရောက် | ၁ | မိုးရာသီတွင် ရွာတွင်းလမ်းများ သွားလာရန် ခက်ခဲခြင်း |
| ၂ | လုပ်ကိုင်ရခြင်း | ၂ | စားဝတ်နေရေး အဆင်မပြေသော ကြောင့် အိမ်ထောင် |
| ၃ | အစည်းအဝေးပြုလုပ်ရန် နေရာခက်ခဲခြင်း | ၃ | ရေအသုံး မီး မလုံလောက်ခြင်း |
| ၄ | လျှပ်စစ်မီး လုံလောက်မှု မရှိခြင်း | ၄ | ကလေးများ၏ ပညာရေး ထောက်ပံ့မှုအား နည်းခြင်း |
| ၅ | မိုးရာသီတွင် ရွာတွင်းလမ်းများ သွားလာရန် ခက်ခဲခြင်း | ၅ | အမျိုးသမီးများ အိမ်မှုကိစ္စနှင့် အချိန်ကုန်ပြီး ဝင်ငွေရသော အလုပ် မလုပ်နိုင်ခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အစည်းအဝေးခန်းမဆောင် ရရှိရန် | ၁ | ရွာတွင်းလမ်းများ ကောင်းမွန်လာရန် |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း များ ရရှိရန် | ၂ | ရွာလုံးကျွတ် မီး ရရှိရန် |
| ၃ | လျှပ်စစ်မီး လုံလောက်စွာ ရရှိရန် | ၃ | အိမ်တွင်းမှု သင်တန်းများ ရရှိရန် |
| ၄ | ရွာတွင်းလမ်းများ ကောင်းမွန် လာစေရန် | ၄ | အစည်းအဝေး ပြုလုပ်သော နေရာ ရရှိရန် |
| ၅ | မိုးခေါင်ရာ၌ အထက်တန်းကျောင်း ရရှိလာရန် | ၅ | စာကြည့်တိုက် ရရှိရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း | က+မ | ၁၃၂ သိန်း | ၁၃၇ |
| ၂ | အစည်းဝေးခန်းမဆောင် အသစ်တည်ဆောက် | က+မ | သိန်း ၉၀ | ၁၃၇ |
| ၃ | စာကြည့်တိုက် အသစ်တည်ဆောက် | က+မ | - | ၁၃၇ |
| ၄ | မူကြိုကျောင်း အသစ်တည်ဆောက် | မ | ၄၁ သိန်း | ၁၃၇ |
| ၅ | | | | |

ယခု လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားလုံးဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဓာတ်တိုင်စိုက် ချဲ့ခြင်း | က+မ | |
| ၂ | ဆိပ်ကမ်း ရေ ဆင်းလမ်း | မ | |
| ၃ | အပေါ့စွန့်ကျင်း အရှင် ဆောက် | က | |
| ၄ | အထက်တန်းကျောင်း ထား ရှိရန် | က | |
| ၅ | ရေ ချောင်း တင်း ဆောက် | က | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအဖွဲ့ဝင်အကျပြုကော်မီတီမှ အတည်ပြုသည်။

အမည် ...... ဒေါ်မေနှင်းဘွားမြ ...... လက်မှတ် ...... [illegible] ...... နေ့စွဲ ...... ၁၃-၂-၂၀၁၇ ......

# ဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နော်နော်ထူးထူးအောင် | | | |
| နေ့စွဲ ၁၃.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလရီး | ကျေးရွာ များကနဲ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း အစည်းအဝေးပြုလုပ်ရန် နှင့် သာရေး နာရေး များ ဆောင်ရွက် | ၁ | ရွာတွင်းလမ်းများ သွားလာရန် ခက်ခဲခြင်း |
| ၂ | ရန်နေရာမရှိခြင်း | ၂ | - စားဝတ်နေရေး အဆင်မပြေခြင်းကြောင့် အိမ်ထောင်ရှင်အချို့ မိမိမှာရှိသောအခက်အခဲရှိခြင်း |
| ၃ | - မိုးရာသီတွင် ရွာတွင်းလမ်းများ သွားလာ | ၃ | - ကျေးရွာတွင် ရွာလုံးကျွတ် သင်တန်း၊ အစည်းအဝေး |
| ၄ | ရန်ခက်ခဲခြင်း | ၄ | ပြုလုပ်ရန် နေရာမရှိခြင်း |
| ၅ | - ကျန်းမာရေး လက်လှမ်းမီမှုမရှိခြင်း | ၅ | - ကလေးသူငယ်များ ဗဟုသုတရှိရန် အတွက် |
| ၆ | - လျှပ်စစ်မီး လုံလောက်စွာမရရှိသော | ၆ | စာဖတ်ရန် နေရာမရှိခြင်း |
| ၇ | သဖြင့် ကလေးများ ပညာရေးအတွက် | ၇ | - မူကြိုအရွယ်ကလေးများအတွက် ပညာ |
| ၈ | ခက်ခဲခြင်း | ၈ | သင်ကြားရန် အခက်အခဲရှိခြင်း |
| ၉ | - ကျေးရွာတွင် ရေမြောင်း မကောင်းခြင်း | ၉ | |
| ၁၀ | ရေဝပ်သောကြောင့် ကလေးများသွားလာရန်ခက်ခဲခြင်း | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အစည်းအဝေးပြုလုပ်ရန် နေရာရရှိရန် | ၁ | ရွာတွင်းလမ်းများ အဆင်ပြေစွာသွားလာနိုင်ရန် |
| ၂ | - ရွာတွင်းလမ်းများ အဆင်ပြေစွာသွား | ၂ | - ရွာတွင်းအားလုံး မီးရရှိရန် |
| ၃ | လာနိုင်ရန် | ၃ | - အစည်းအဝေးများပြုလုပ်ရန် နေရာရရှိခြင်း |
| ၄ | - လျှပ်စစ်မီး လုံလောက်စွာ အိမ်တိုင်း | ၄ | - ကလေးငယ်များ စာဖတ်ရန်နေရာ စာကြည့်တိုက် ရရှိရန် |
| ၅ | ရရှိရန် | ၅ | - မူကြိုအရွယ်ကလေးငယ်များ ပညာသင်ကြား |
| | - ကျန်းမာရေး လက်လှမ်းမီမှုရရှိရန် | ၆ | ရန်နေရာရရှိခြင်း |
| | - ရေနုတ်မြောင်းများ၊ တံတားများ | ၇ | |
| | ကောင်းမွန်လာစေရန် | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမဆောင် | ကျား+မ | | ၁၃၉ ဦး |
| ၂ | အသစ်တည်ဆောက်ခြင်း | | | |
| ၃ | စာကြည့်တိုက် အသစ်တည် | မ | | |
| ၄ | ဆောက်ခြင်း | | | |
| ၅ | မူကြိုကျောင်း အသစ် | မ | | |
| ၆ | တည်ဆောက်ခြင်း | | | |
| ၇ | ရေနုတ်မြောင်း နှင့် တံတား | ကျား+မ | | |
| ၈ | ရွာတွင်း လမ်း | ကျား+မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်တိုင်တိုးချဲ့၊ လျှပ်စစ်မီး | ကျား+မ | |
| ၂ | အိမ်တွင်းမှုသင်တန်း | မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် --------ဦးယိန်ရှ------------- လက်မှတ် -------------ယိန်ရှ----------- နေ့စွဲ---------၁၃.၁၀.၂၀၁၇---

# တတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အဖော်ဆောင်အကူပြု [illegible]သည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အေးရွှေဝင်းထွန်းဝေ |

| | | | |
|---|---|---|---|
| နေ့စွဲ - ၂၆-၉-၂၀၁၈ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု - နွားလဝို | ကျေးရွာ - မျှားကာနဲ |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း အသေးအဖွဲ ပြုပြင်ရန်နှင့် သက်ကြီးရွယ်အိုများ အတွက် ငွေကြေးမရှိခြင်း | ၁ | ရွာတွင်းလမ်းများ သွားလာရန်ခက်ခဲခြင်း၊ ကားလမ်းများ မကောင်းသဖြင့် [illegible] |
| ၂ | မိုးရာသီတွင် ရွာတွင်းလမ်းများသွားလာရန်ခက်ခဲ | ၂ | အဆင့်မီ ဆေးပေးခန်း၊ ကျေးရွာတွင်း [illegible] သင်တန်း၊ အသေးအဖွဲ |
| ၃ | ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်း | ၃ | ပြုပြင်ရန် ငွေကြေးမရှိခြင်း၊ ကလေးသူငယ်များ [illegible] အတွက် |
| ၄ | လျှပ်စစ်မီး [illegible] | ၄ | စာကြည့်တိုက် ငွေကြေး မရှိခြင်း၊ မူကြိုကလေးငယ်များအတွက် ပညာသင်ကြား |
| ၅ | [illegible] | ၅ | ရန် အခက်အခဲ ရှိခြင်း |

ခး မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အသေးအဖွဲ ပြုပြင်ရန် ငွေကြေး ရရှိရန် | ၁ | ရွာတွင်းလမ်း အဆင်ပြေစွာ သွားလာနိုင်ရန် |
| ၂ | လျှပ်စစ်မီး [illegible] ရရှိရန် | ၂ | ရွာတွင်း [illegible] မီး ရရှိရန် |
| ၃ | ရွာတွင်းလမ်း အဆင်ပြေစွာ သွားလာနိုင်ရန် | ၃ | အသေးအဖွဲ ပြုပြင်ရန် ငွေကြေး ရှိခြင်း |
| ၄ | ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် | ၄ | ကလေးငယ်များ စာကြည့်တိုက် ငွေကြေး [illegible] ရရှိ |
| ၅ | [illegible] | ၅ | မူကြိုကလေးငယ်များ ပညာသင်ကြားရန် [illegible] |

ဂး လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | က + မ | | |
| ၂ | လမ်း(၂)ကျောက်ချောခင်းခြင်း | က + မ | | |
| ၃ | လမ်း(၃)ကျောက်ချောခင်းခြင်း | က + မ | | |
| ၄ | လမ်း(၄) ကျောက်ချောခင်းခြင်း | က + မ | | |
| ၅ | | | | |

ယခု ရွာ [illegible] ကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကောင် [illegible] ဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လမ်းမီး ရေ ကိုရန် | က + မ | |
| ၂ | အလုပ်အကိုင်အခွင့်အလမ်းကိုကို | က + မ | |
| ၃ | ဈေးနှင့်တင်ယာဉ် ထားရှိရန် | က + မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ဖြူးမြ ............ လက်မှတ် ............ ဖြူမြ ............ နေ့စွဲ ...... ၂၆. ၉. ၂၀၁၈ ......

# စတုတ္ထနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ခရှုံသတ်လှခိုင် |

| | |
|---|---|
| နေ့စွဲ ၂၄ • ၉ • ၂၀၁၉ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း- ကယား | မြို့နယ်- ဖရူဆို | ကျေးရွာအုပ်စု - ရွားလီး | ကျေးရွာ - မျှားကဲ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၁။ မိုးကာလသီတွင် ရွာတွင်းလမ်းများ ပျက်စီးခြင်း၊ လမ်းချော်ခြင်း များဖြစ်ပွားသော ကာလတွင် စက်ဘီးကို အသုံးပြုကြရခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၂။ တာဝတ်ရေးရေး မပြေလည်သောကြောင့် ကိုယ်ဝန်ဆောင်မှ အချို့ မိခင် မယူနိုင်သဖြင့် ကလေးများ၊ ပညာရေး၊ လုံခြုံရေးတွင် အားနည်းခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၃။ ရွာလုံးညွှတ် အစည်းအဝေး၊ ပွဲလမ်း၊ သဘင် ကျင်းပရန် ဘုရားကျောင်းကွင်းသာ အား ထားရပြီး ဖျာထိုင်ခင်း အခက်အခဲ ဖြစ်ခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၄။ ရွာတွင်း သယ်ယူရေး ယာဉ် (ကား၊ ထော်လာဂျီ) များနည်းပါးသဖြင့် အရေးပေါ် လူနာများ၊ ဆေးကုသမှုခံယူရန် ထက်ပွင်းမရှိခြင်း။ | ☑ ကျား □ မ □ ကျား+ မ |
| ၅။ ရွာတွင်းတွင် ရေဝင်း၊ ရွာနီးနားတွင်ရင်း အထက်တန်းကျောင်းမရှိသဖြင့် ကလေးများ အထက်တန်းကျောင်းတက်ရာတွင် အဝေးသို့ သွားရခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၆။ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ စားဝတ်နေရေးဖြောက်မှု အားနည်းခြင်း၊ ဝင်ငွေနည်းခြင်းကြောင့် မိသားစုကို အပြည့်အဝ မထောက်ပံ့နိုင်ခြင်း။ | □ ကျား ☑ မ □ ကျား+ မ |
| ၇။ ရွာတွင်းတောင်သူများသည် ပြောင်းဖူးကို အဓိက စိုက်ပျိုးပြီး၊ ပြားပြ၊ ဂုံလည်း ယနှံ့အတွင်း မြေဩဇာ၊ ပိုးသတ်ဆေးများ ယာခင်းထဲတွင် ချေ၍ များ မိုတက်လာက | □ ကျား □ မ ☑ ကျား+ မ |
| ဖိုးကျခြင်း၊ ပျက်စီးခြင်းများ၊ ကြုံရသည့်အပြင် ဈေးကွက်ကျသောကြောင့် စားဝတ်နေရေး အခက်ကြုံရခြင်း။ | □ ကျား □ မ □ ကျား+ မ |

**ခ။ မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော~~အခက်အခဲအတားအဆီးများ~~ မျှော်မှန်းချက် | |
|---|---|
| ၁။ ရွာတွင်း အဓိက အသုံးပြုသော မြေသား၊ လမ်းများအား ကျောက်ချောလမ်း အဖြစ် ခင်းနိုင်ကြ၍ သွားရေးလာရေး အဆင်ပြေလာခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၂။ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာ၍ မွေးဖွားသော ကလေးများ ပညာရေး၊ လုံခြုံရေး အတွက် ဦးစားပေးများ ပျော်ပါခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၃။ ရွာ့ဆိုင်မဆောင် တည်ဆောက်ခြင်းဖြင့် တစ်ရွာလုံး အစည်းအဝေး၊ ဘာသာရေး၊ လူမှုရေး ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၄။ လူနာတင်ယာဉ် ဆောက်ဖြစ်ဖြင့် အရေးပေါ်လူနာများ အချိန်မီ ဆေးကုသမှု ရရှိခြင်း။ | ☑ ကျား □ မ □ ကျား+ မ |
| ၅။ ရွာနှင့် အလှမ်းနီးသော ထီးသုံးကူး (ကလယ်တို) ကျောင်းကာ အထက်တန်းကျောင်း အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်လျှင် ကလေးငယ်များ ပညာရေးအခွင့်အလမ်း ပိုရရှိခြင်း။ | □ ကျား □ မ ☑ ကျား+ မ |
| ၆။ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ထိရောက်စွာပေးခြင်း အားဖြင့် ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ခြင်း။ | □ ကျား ☑ မ □ ကျား+ မ |

| ၇။ မိုက်ပျိုး စားကျေး ကွက်ကို ဆွေတက္ကတည် ဖြစ်အောင် ထိန်းညှိပေး ခြင်းအား | ☐ ကျား ☐ မ ☑ ကျား+ မ |
|---|---|
| ဖြစ် တောင်သူများ၏ လုပ်ငန်း အသင်းအဖွဲ့ကို မြှင့်တင်ပေးခြင်း | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ /အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | လမ်းအမှတ်(၂)ကျောက်ချောခင်းခြင်း (1200'x12'x0'-9") | က+မ | လမ်းတံတား | ၁ | ၁၂၀သိန်း | ၇၁ | ၇၀ | ၁၄၁ |
| ၂ | လမ်းအမှတ်(၃)ကျောက်ချောခင်းခြင်း (500'x12'x0'-9") | က+မ | ။ | ၂ | ၅၀သိန်း | ၇၁ | ၇၀ | ၁၄၁ |
| ၃ | ဆိုးမြောင်းတည်ဆောက်ခြင်း (40'x70'x12') | က+မ | ကျေးရွာ ဖွံ့ဖြိုးရေး | ၃ | ၂၀သိန်း | ၇၁ | ၇၀ | ၁၄၁ |
| ၄ | လမ်းအမှတ်(၄)ကျောက်ချောခင်းခြင်း | က+မ | လမ်းတံတား | ၄ | - | ၇၁ | ၇၀ | ၁၄၁ |
| ၅ | ရွာတွင်း ရေနုတ်မြောင်းနှင့် ကျောက်ချော တံတား တည်ဆောက်ခြင်း | မ | လမ်းတံတား | ၅ | - | ၇၁ | ၇၀ | ၁၄၁ |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လမ်းမီးရှူးမီး | က+မ | |
| ၂ | လူနာတင်ယာဉ် ရှူးမီး | က | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---၂၇-၆-၂၀၁၉---

ကျေးရွာ ... ပအိုဝ်း+နှစ်ဟိုယာ အကြမ်း ........................................ အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၂၄.၉.၂၀၁၉ | အချိန် | နံနက် ၉:၀၀ မှ မွန်းလွဲ ၂:၀၀ ထိ | | |
| နေရာ | ပြားကန့်ကျေးရွာ ဘုန်းကြီးကျောင်း | ကျေးရွာအုပ်စု/ကျေးရွာ | နွားလပိုး အုပ်စု ၊ ပြားကန့် ကျေးရွာ | | |
| မြို့နယ် | ကော့ကရိတ် | | ပြည်နယ် | ကရင် | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | လူထုဖွံ့ဖြိုးမှု မိုင်းကင်း မိုင်းအန္တရာယ်ကြောင့် မိုင်းကင်း ဆက်ရန် အကြောင်းပြောကြားခြင်း |
| ၂ | လူမှုဆက်ဆံရေးမှ ပြုလုပ်ခြင်းနှင့် ကျေးရွာ မိုင်းအန္တရာယ် အဖွဲ့ ပြန်လည် ဖွဲ့စည်းခြင်း။ |
| ၃ | ကျေးရွာ၏ ယခင်နှစ်က အခက်အခဲ၊ ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ပြန်လည်ဆွေးနွေးခြင်း။ |
| ၄ | ဖွံ့ဖြိုးရေးလုပ်ငန်း ရွေးချယ်နိုင်ရန် အကျုံးဝင်/မဝင်သော အချက်များ၊ အကြောင်းရှင်းပြခြင်း။ |
| ၅ | မိုင်းကင်းလုပ်ငန်းအဖွဲ့ ဦးဆောင်သူ အသစ် သတ်မှတ်ခြင်း။ |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - လူမှု အရင်း အမြစ်ပြ မြေပုံ အကြောင်း ဆွေးနွေးခြင်း။ | ဒေါ်ခရစ္စတင်းလှခင်ယဉ် |
| - ဥစ္စာရေး ကြွယ်ဝမှု ပုံစံပြ ဇယား ပြန်လည် အတည်ပြု ဆွေးနွေးခြင်း။ | ဒေါ်လှစီးပသာအေးမြ |
| - ဗိုင်ဆိုင်မှုပြ ဆန်းစစ်ခြင်း အကြောင်း ပြန် လည်ဆွေးနွေးခြင်း။ | ဒေါ်နန်းရွှေကျော့အောင် |
| - ရာသီဥတုပြ ပြက္ခဒိန်အား ပြန်လည် ဆွေးနွေးခြင်း။ | ဒေါ်ခရစ္စတင်းလှခင်ယဉ် |
| - ပင်ကျ အိမ် အကြောင်း ပြန်လည်ဆွေးနွေးခြင်း | ဒေါ်လှစီးယာအေးမြ |
| - အဖွဲ့အစည်း ချိတ်ဆက်မှု အကြောင်း၊ အတည်ပြုဆွေးနွေးခြင်း။ | ဒေါ်နန်းရွှေကျော့အောင် |
| - ကျေးရွာကော်မတီ ပြန်လည် ဖွဲ့စည်းခြင်း | ဒေါ်ခရစ္စတင်းလှခင်ယဉ် |
| - ရွာလူထု၏ အခက်အခဲ၊ အတားအဆီးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း အကြောင်း ဆွေးနွေးခြင်း။ | ဒေါ်အိဖြိုးဟန် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

- ကျေးရွာ မိုင်းအန္တရာယ်ကော်မတီ အသစ်. ပြောင်းလဲ ဖွဲ့စည်းခဲ့ရသည်။
- မိုင်းကင်း လုပ်ငန်းအဖွဲ့ အတွက် လက်ရှိ အမျိုး (၂) အား ဦးဆောင် အသစ် (၁) အဖြစ် သတ်မှတ်ခဲ့ကြသည်.
- လူမှုဆက်ဆံရေး များ ကလေး အတိုက် အကြောင်း အလဲ အနည်း ငယ် သာ ရှိပါသည်၊

အကြံပြုချက်များ-

အမျိုးသမီးများ ပါဝင် ဆွေးနွေးမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်၊ ယခင်နှစ်က ပူးပေါင်းပါဝင်မှု အားကောင်း ပါသည်၊ အသည်း အစေး တိုင်၏ ကို ရွာလူထု တစ်ရပ်လုံး ယှဉ်တွဲ၍ တက်ကြွစွာ ဆွေးနွေး စေလိုပါသည်။

မှတ်တမ်းပြုစုသူ ဒေါ်ခရစ္စတင်းလှခင်ယဉ်

ရာထူး - လူထုအစည်းရုံးရေး မှူး

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း(သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အအုံ(လမ်း၊တံတား၊ရေပေးဝေရေး၊လျှပ်စစ်မီးပေးဝေရေး) | ၁ | ရွာလယ်လမ်းကျောက်ချောလမ်းခင်းခြင်း | | | ✓ | | | |
| | ၂ | လမ်း(၂)ကျောက်ချောလမ်းခင်းခြင်း | | | ✓ | | | |
| | ၃ | လမ်း(၃)ကျောက်ချောလမ်းခင်းခြင်း | | | ✓ | | | |
| | ၄ | လမ်း(၄)ကျောက်ချောလမ်းခင်းခြင်း | | | ✓ | | | |
| | ၅ | | | | | | | |
| | ၆ | | | | | | | |
| | ၇ | | | | | | | |
| လူမှုဖွံ့ဖြိုးရေး(ပညာရေး၊ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦများပြင်ဆင်ခြင်းနှင့်လုပ်ငန်း) | ၁ | စာသင်ကျောင်းအဆောက်အအုံများပြုပြင်ပေးခြင်း | | | ✓ | | | |
| | ၂ | ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးခြင်း | | | ✓ | | | |
| | ၃ | မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း | | | ✓ | | | |
| | ၄ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | | | ✓ | | | |
| | ၅ | အိမ်တွင်းမှုသင်တန်း | | | ✓ | | | |
| | ၆ | အလုပ်အကိုင်အခွင့်လမ်းရရှိရေး | | | ✓ | | | |
| | ၇ | | | | | | | |
| အသက်မွေးဝမ်းကြောင်းလုပ်ငန်း | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |

| အခြားကဏ္ဍ(ဌာနဆိုင်ရာများသို့လွှဲပြောင်းနိုင်ခြင်းနှင့်အကောင်အထည်ဖေါ်နိုင်ခြင်းမရှိသောလုပ်ငန်းများ) | | | | | | | သဘာဝဘေးအန္တရာယ်လျှော့ပါးရေးကဏ္ဍ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ | ၅ | ၄ | ၃ | ၂ | ၁ | | ၇ | ၆ | ၅ |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောင် တည်ဆောက် ခြင်း | ၁ | | | √ | |
| ၂။ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | ၂ | | √ | | |
| ၃။ | မူကြိုကျောင်းအသစ်တည် ဆောက်ခြင်း | ၃ | | √ | | |
| ၄။ | ရွာတွင်းလမ်း | ၄ | | | √ | |
| ၅။ | ဓာတ်တိုင်တိုးချဲ့ခြင်း | ၅ | | | √ | |
| ၆။ | ရေနုတ်မြောင်း နှင့် ရေကျော် တံတား | ၆ | | | √ | |
| ၇။ | အိမ်တွင်းမှုသင်တန်း | ၇ | | √ | | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၀

မ - ၁၃

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



